# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

## ၂၀၂၀ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကို အကြမ်းဖက်စစ်တပ်က မတရား ဖမ်းဆီးပြီး ဥပဒေပုဒ်မ မျိုးစုံတပ်ခြင်းနှင့် စစ်ကြောရေးတွင် လူမဆန်စွာရက်စက်ညှင်းပမ်း နှိပ်စက်ခြင်းကြောင့် သေဆုံးသွားရသူများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရနေမှုများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းခဲ့ပြီးနောက် လွှတ်တော်ကိုယ်စားလှယ်များ၏ လက်ရှိဖမ်းဆီး၊ ထိန်းသိမ်းခံရမှု အခြေအနေများနှင့်စပ်လျဉ်းပြီး သတင်းအချက်အလက်များကို စဉ်ဆက်မပြတ် မှတ်တမ်းကောက်ယူပြီး နိုင်ငံတကာသို့ သိရှိနိုင်စေရန်တင်ပြလျက်ရှိပါသည်။

၂။ အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ယနေ့အချိန်ထိ ဖမ်းဆီးထိန်းသိမ်းခံပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၃၄ ဦး ရှိပြီး၊ ပြန်လည်လွှတ်မြောက်လာသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၇ ဦးရှိသဖြင့် လက်ရှိဖမ်းဆီးထိန်းသိမ်းခံနေရသူ ၂၇ ဦးရှိပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဖမ်းဆီးထိန်းသိမ်းခံရသူ ၇၉ ဦးရှိပြီး၊ ပြန်လည်လွှတ်မြောက်လာသူ ၁၁ ဦး ရှိပါကြောင်း၊ အခြား ၁ ဦးမှာ အကျဉ်းထောင်ထဲတွင် ဆေးကုသ ခွင့်မပြုသဖြင့် သေဆုံးပြီး ကျန် ၁ ဦးမှာလည်း စစ်ကောင်စီ၏ ဖမ်းဆီးခံရပြီးနောက် လမ်းဘေးတစ်နေရာတွင် ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရပြီး သေဆုံးခဲ့ရခြင်းကြောင့် ဖမ်းဆီးခံရပြီး သေဆုံးသူ ၂ ဦး ရှိသွားပြီဖြစ်သဖြင့် လက်ရှိဖမ်းဆီး ထိန်းသိမ်းခံနေရသူ ၆၆ ဦးရှိသွားပြီဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ယခုလက်ရှိ ဖမ်းဆီးထိန်းသိမ်းခံနေရသူ ၉၃ ဦး ရှိပါသည်။

၃။ စစ်ကောင်စီက မတရားအကြမ်းဖက်ပြီး အမှုဆင်ဖမ်းဆီးခံရခြင်း၊ နှိပ်စက်ခံရခြင်း၊ သတင်းအဆက်အသွယ်မရရှိဘဲ ထိန်းသိမ်းခံထားရခြင်း၊ ဖမ်းဆီးထိန်းသိမ်းခံ လွှတ်တော်ကိုယ်စားလှယ်အများစုအား မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ဆိုသည်ကိုပင် မိသားစုဝင်များ ကိုယ်တိုင်မသိရှိရခြင်းနှင့် တရားဥပဒေအရ အကာအကွယ်ရယူခွင့် အပြည့်အဝမရရှိခြင်း စသည့် အခြေခံလူ့

အခွင့်အရေးများ များစွာဆုံးရှုံးနေရခြင်းနှင့်စပ်လျဉ်း၍ CRPH အနေဖြင့် သတင်းအချက်အလက်များကို စနစ်တကျ ကောက်ယူပြီး နိုင်ငံတကာလွှတ်တော် အဖွဲ့အစည်းများ နှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများထံသို့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

၄။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနက် တစ်ချို့ကို ကောက်နုတ်ဖော်ပြရလျှင် ပြည်ထောင်စုလွှတ်တော်အဆင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန် ရှမ်းပြည်နယ်၊ နောင်ချိုမဲဆန္ဒနယ်သည် ၁-၂-၂၀၂၁ ရက်နေ့တွင် ပထမအကြိမ် ဖမ်းဆီးပြီး နောက်ပြန်လည်လွှတ်မြောက်လာပြီး ဒုတိယအကြိမ်အဖြစ် ၁၀-၂-၂၀၂၁ ရက်နေ့တွင် ထပ်မံဖမ်းဆီးခံရပါသည်။ ၎င်းနောက် ၂၂-၁၂-၂၀၂၁ ရက်နေ့တွင် ပုဒ်မ ၅၀၅ (က)၊ (ခ) အမှုတို့အတွက် အလုပ်ကြမ်းနှင့်ထောင်ဒဏ် လေးနှစ်ချမှတ်ခဲ့ပြီး ၇-၆-၂၀၂၂ ရက်နေ့တွင် ရာဇသတ်ကြီး ပုဒ်မ ၁၂၄ (ဃ) ဖြင့် အမှုဆင်ပြီး ထပ်မံစွဲဆို၍ နောက်တိုးပုဒ်မများ ထပ်ထပ်တိုးခြင်း၊ ဒေါ်ဝင်းမြမြ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မဲဆန္ဒနယ်အား ၂၇-၂-၂၀၂၁ ရက်နေ့တွင် ပုဒ်မ ၅၀၅ (က)၊ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး အိုးဘိုထောင်အတွင်း တစ်နှစ်ကျော်အကြာ ထိန်းသိမ်းထားခဲ့ပြီး ၂၉-၆၂၀၂၂ ရက်နေ့တွင်မှ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်ကို ချမှတ်ခြင်း၊ တစ်ချို့သော လွှတ်တော်ကိုယ်စားလှယ်ကြီးများမှာ ထောင်ဒဏ်ချမှတ်ခံခဲ့ရသော်လည်း ထောင်ထဲတွင် ရှိမရှိမှာ မသေမခြာသလို မည်သည့်အကျဉ်းထောင်တွင်ရှိနေမှန်းမသိရခြင်း စသည့် လုပ်ရပ်များသည် ကမ္ဘာ့ကုလသမဂ္ဂက ထုတ်ပြန်ကြေညာထားသော လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူတစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများကို အကြမ်းဖက်စစ်ကောင်စီမှ ပြောင်ပြောင်တင်းတင်း ချိုးဖောက်လျက်ရှိပါသည်။

၅။ ထို့အပြင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကြီးများအနက်မှ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် ဦးညွန့်ရွှေ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ကို ၉-၇-၂၀၂၁ ရက်နေ့တွင် စကစက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပုဒ်မ ၂၅၊ တပ်မတော်ကို အကြည်အညိုပျက်စေမှု ပုဒ်မ ၅၀၅-က တို့နှင့် ဖမ်းဆီးတရားစွဲခဲ့ပြီး ပဲခူးကျိုက်ကဖော် အကျဉ်းထောင်ထဲတွင် Covid ရောဂါကူးစပ်ခြင်းခံရပြီး ဆေးကုသခွင့် လုံလောက်စွာမရသဖြင့် ၁၆-၈-၂၀၂၁ ရက်နေ့တွင် သေဆုံးခဲ့ရခြင်း၊ ဦးကျော်မျိုးမင်း၊ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒယ်အား ၂၂-၆-၂၀၂၂ ရက်နေ့ နံနက် ၉ နာရီခန့်တွင် ဆိုင်ကယ် Taxi ဖြင့် ခရီးထွက်ခဲ့စဉ် တော်လှန်ရေးသမား နှစ်ဦးအပါအဝင်Taxi မောင်းသူရွာသားနှင့်အတူ လမ်းခရီးတွင် စကစ၏ ပစ်ခတ်ဖမ်းဆီးခြင်းခံခဲ့ရပါသည်။ ယင်းနောက် ၃၀-၆-၂၀၂၂ ရက်နေ့ နံနက် (၈) နာရီတွင် တော်လှန်ရေးသမား နှစ်ဦးနှင့်အတူ ဦးကျော်မျိုးမင်းကို စကစ၏ စစ်ကြောရေးတွင် လူမဆန်စွာ လက်ပြန်ကြိုးတုတ်ထားပြီး ၎င်းကြိုးကို လည်ပင်းအား သိုင်းချည်ခြင်းတို့ ပြုလုပ်သည့်အပြင် မျက်နှာ၊ ဦးခေါင်းနှင့်ခန္ဓာကိုယ်အနှံ့ စစ်ဖိနပ်ဖြင့် ကန်ခြင်း၊ ကျည်ကာ ဦးထုပ်ဖြင့် ရိုက်ခြင်း၊ ထိုးကြိတ်ခြင်းများပြုလုပ်ခဲ့သဖြင့် ဒဏ်ရာပြင်းထန်သဖြင့် ညှင်းပန်းနှိပ်စက်သည့်နေရာတွင် မေ့မြောသွားခဲ့သည်။ အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့များ၏ ရက်စက်စွာ ရိုက်နှက်နှိပ်စက်မှုကြောင့် ခန္ဓာကိုယ်အနှံ့ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ပါသည်။ ဒါ့အပြင် ၃၀-၆-၂၀၂၂ ရက်နေ့တွင်ပင် သေနတ်ဖြင့် ပစ်သတ်၍ မြောင်းထဲတွင် အလောင်းကို ပစ်ချခဲ့ခြင်းမှာ လူတစ်ဦးတစ်ယောက်ကို အတင်းအဓမ္မ ဥပဒေမဲ့စွာ ရက်စက်စွာသတ်ဖြတ်ပြီး လူ့အခွင့်အရေးများကို အဖန်တလဲလဲ ချိုးဖောက်နေခြင်း၊ လွှတ်တော်

ကိုယ်စားလှယ်များ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ "လွှတ်တော်ဆိုင်ရာဥပဒေများမှအပ အခြားဥပဒေများဖြင့် အရေးယူခြင်းမရှိစေရ" ဟူသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေပြီး ဖမ်းဆီးနေခြင်းစသည့် ကိစ္စရပ်များကို နိုင်ငံတကာသိရှိအောင် တင်ပြခဲ့ပြီး ဖြစ်သလို ပြည်သူအများ သိရှိနိုင်ပါရန် ထုတ်ပြန်အပ်ပါသည်။

**လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီ**

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ**

# ပြည်ထောင်စု/တိုင်းဒေသကြီး/ပြည်နယ်အလိုက် လက်ရှိဖမ်းဆီးထိန်းသိမ်းခံ စာရင်း

| စဉ် | အမည် | လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးလင်းလင်းဦး | ပြည်သူ့လွှတ်တော် | ကချင်ပြည်နယ် | တနိုင်း | |
| ၂ | ဦးကျော်လင်း | ပြည်သူ့လွှတ်တော် | စစ်ကိုင်းတိုင်းဒေသကြီး | မင်းကင်း | |
| ၃ | ဦးသန့်စင်မောင် | ပြည်သူ့လွှတ်တော် | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာ | |
| ၄ | ဦးတင်ထွေး | ပြည်သူ့လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ဝေါ | |
| ၅ | ဦးဝင်းနိုင် | ပြည်သူ့လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | မိုးညို | |
| ၆ | ဦးအောင်မြင့် | ပြည်သူ့လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | သာယာဝတီ | |
| ၇ | ဒေါ်ဝင်းမြမြ | ပြည်သူ့လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | စဉ့်ကိုင် | |
| ၈ | ဦးသန့်ဇင်ထွန်း | ပြည်သူ့လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | ဒက္ခိဏသီရိ | |
| ၉ | ဦးကျော်မင်းလှိုင် | ပြည်သူ့လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | ဥတ္တရသီရိ | |
| ၁၀ | ဒေါ်ခင်မြတ်သူ | ပြည်သူ့လွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | |
| ၁၁ | ဦးဝင်းမြင့် | ပြည်သူ့လွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | တာမွေ | |
| ၁၂ | ဒေါက်တာမျိုးအောင် | ပြည်သူ့လွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | |
| ၁၃ | ဒေါ်အောင်ဆန်းစုကြည် | ပြည်သူ့လွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | ကော့မှူး | |
| ၁၄ | ဦးအောင်ကျော်ကျော်ဦး | ပြည်သူ့လွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | လှိုင် | |
| ၁၅ | ဦးထွန်းအောင် | ပြည်သူ့လွှတ်တော် | ရှမ်းပြည်နယ် | နောင်ချို | |
| ၁၆ | ဦးပီတယ်အောင် | ပြည်သူ့လွှတ်တော် | ရှမ်းပြည်နယ် | ဖယ်ခုံ | |
| ၁၇ | ဦးအောင်မြင့်ရှိန် | ပြည်သူ့လွှတ်တော် | ရှမ်းပြည်နယ် | မဘိမ်း | |
| ၁၈ | ဦးဦးသိန်းထွန်း | ပြည်သူ့လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း | |
| ၁၉ | ဦးမန်းညွန့်သိန်း | ပြည်သူ့လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | ပန်းတနော် | |
| ၂၀ | ဦးဝေလင်းအောင် | ပြည်သူ့လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ | |
| ၂၁ | ဦးဟင်နရီဗန်ထီးယူ | အမျိုးသားလွှတ်တော် | ချင်းပြည်နယ် | ချင်းပြည်နယ်အမှတ်(၁၀) | |
| ၂၂ | ဦးအောင်မင်းထွန်း | အမျိုးသားလွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး အမှတ်(၄) | |
| ၂၃ | ဦးမောင်မောင်ဆွေ | အမျိုးသားလွှတ်တော် | မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး အမှတ်(၁၂) | |
| ၂၄ | ဦးစိုးဝင်း(ခ)စိုးလေး | အမျိုးသားလွှတ်တော် | ရခိုင်ပြည်နယ် | ရခိုင်ပြည်နယ်အမှတ်(၁၁) | |
| ၂၅ | ဦးဘမျိုးသိန်း | အမျိုးသားလွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၁) | |

| စဉ် | အမည် | လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | မှတ်ချက် |
|---|---|---|---|---|---|
| ၂၆ | ဒေါ်မမလေး | အမျိုးသားလွှတ်တော် | ရှမ်းပြည်နယ် | ရှမ်းပြည်နယ် အမှတ်(၉) | |
| ၂၇ | ဒေါက်တာပြည့်ဖြိုး | အမျိုးသားလွှတ်တော် | ရော၀တီတိုင်းဒေသကြီး | ရော၀တီတိုင်း ဒေသကြီးအမှတ်(၉) | |
| ၂၈ | ဦးတင့်စိုး | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကချင်ပြည်နယ် | ဖားကန့်(၁) | |
| ၂၉ | ဦးလဆိုင်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကချင်ပြည်နယ် | ဖားကန့်(၂) | |
| ၃၀ | ဦးဝေလင်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကချင်ပြည်နယ် | မိုးကောင်း(၁) | |
| ၃၁ | ဒေါ်သက်သူဇာခိုင်(ခ )သက်ထားနှောင်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကချင်ပြည်နယ် | မိုးညှင်း(၁) | |
| ၃၂ | ဦးဇော်ဝင်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကချင်ပြည်နယ် | တနိုင်း(၂) | |
| ၃၃ | ဒေါက်တာခက်အောင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကချင်ပြည်နယ် | မြစ်ကြီးနား(၁) | |
| ၃၄ | ဦးနေဝင်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကချင်ပြည်နယ် | မြစ်ကြီးနား(၂) | |
| ၃၅ | ဦးဝင်းညွှန့် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကချင်ပြည်နယ် | ဝိုင်းမော်(၁) | |
| ၃၆ | ဦးနော်လီ | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကချင်ပြည်နယ် | ဝိုင်းမော်(၂) | |
| ၃၇ | ဦးမင်းကိုခိုင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကရင်ပြည်နယ် | ကော့ကရိတ်(၂) | |
| ၃၈ | ဦးဘိုဘိုဝေမောင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကရင်ပြည်နယ် | ကြာအင်းဆိပ်ကြီး(၁) | |
| ၃၉ | ဒေါ်နန်းခင်ထွေးမြင့် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကရင်ပြည်နယ် | ဘားအံ(၁) | |
| ၄၀ | ဦးသန်းနိုင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကရင်ပြည်နယ် | ဘားအံ(၂) | |
| ၄၁ | ဦးခွန်မျိုးတင့် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ကရင်ပြည်နယ် | ပအိုဝ့်တိုင်းရင်းသား | |

| စဉ် | အမည် | လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | မှတ်ချက် |
|---|---|---|---|---|---|
| ၄၂ | ဒေါ်ခင်မွေးလွင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | စစ်ကိုင်းတိုင်းဒေသကြီး | မင်းကင်း(၁) | |
| ၄၃ | ဒေါက်တာမြင့်နိုင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို(၂) | |
| ၄၄ | ဦးမြင့်မောင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တနင်္သာရီတိုင်းဒေသ ကြီး | ကော့သောင်း(၂) | |
| ၄၅ | ဦးဝင်းသိန်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ရေတာရှည်(၂) | |
| ၄၆ | ဦးညွန့်ရွှေ | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ကဝ(၁) | |
| ၄၇ | ဦးသိန်းဒန် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ပဲခူး(၂) | |
| ၄၈ | ဦးမောင်ဒီ | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ဝေါ(၁) | |
| ၄၉ | ဦးဝင်းနိုင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ပေါက်ခေါင်း(၂) | |
| ၅၀ | ဒေါ်ဇင်မိုးထိုက် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ပန်းတောင်း(၁) | |
| ၅၁ | ဦးအုန်းသွင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ရွှေတောင်(၂) | |
| ၅၂ | ဦးကျော်ကိုကိုစိန် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | သာယာဝတီ(၂) | |
| ၅၃ | နော်ပွယ်ဆေး | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ကရင်တိုင်းရင်းသား | |
| ၅၄ | ဦးကျော်ဇေယျ | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ပြည်(၂) | |
| ၅၅ | ဦးလင်းလင်းကျော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး(၁) | |
| ၅၆ | ဒေါ်မြင့်စန်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မကွေးတိုင်းဒေသကြီး | ပေါက်(၂) | |
| ၅၇ | ဒေါက်တာခင်မောင်အေး | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မကွေးတိုင်းဒေသကြီး | နတ်မောက်(၂) | |
| ၅၈ | ဦးတာ | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မကွေးတိုင်းဒေသကြီး | စလင်း(၁) | |
| ၅၉ | ဒေါက်တာအောင်မိုးညို | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မကွေးတိုင်းဒေသကြီး | ပွင့်ဖြူ(၁) | |

| စဉ် | အမည် | လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | မှတ်ချက် |
|---|---|---|---|---|---|
| ၆၀ | ဦးဇော်ဝင်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မကွေးတိုင်းဒေသကြီး | ကံမ(၁) | |
| ၆၁ | ဦးတင်နွယ်ဦး | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မကွေးတိုင်းဒေသကြီး | သရက်(၁) | |
| ၆၂ | ဦးအေးခိုင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်း (၁) | |
| ၆၃ | ဦးအောင်မင်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | ပြင်ဦးလွင်(၁) | |
| ၆၄ | ဦးမျိုးသစ် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | မိုးကုတ်(၁) | |
| ၆၅ | ဒေါက်တာစိုးသန်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာဇံ(၂) | |
| ၆၆ | ဦးဇာနည်အောင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ(၁) | |
| ၆၇ | ဦးအောင်ကျော်ဦး | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | ပုသိမ်ကြီး(၁) | |
| ၆၈ | ဒေါက်တာဇော်မြင့် မောင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | အမရပူရ(၁) | |
| ၆၉ | ဦးလွင်မောင်မောင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | မိတ္ထီလာ(၁) | |
| ၇၀ | ဦးကျော်စိုးနိုင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မန္တလေးတိုင်းဒေသကြီး | ငါန်းဇွန်(၂) | |
| ၇၁ | ဒေါက်တာအေးဇံ | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မွန်ပြည်နယ် | ကျိုက်ထို(၂) | |
| ၇၂ | ဦးညီပု | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ရခိုင်ပြည်နယ် | ဂွ(၂) | |
| ၇၃ | ဦးဘုံဘွေ | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ရခိုင်ပြည်နယ် | ချင်းတိုင်းရင်းသား ကိုယ်စားလှယ် | |
| ၇၄ | ဦးနေလင်းအောင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | ရွှေပြည်သာ(၂) | |
| ၇၅ | ဦးနိုင်ငံလင်း | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | သာကေတ(၁) | |

| စဉ် | အမည် | လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | မှတ်ချက် |
|---|---|---|---|---|---|
| ၇၆ | ဦးကျော်စိုး | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | သဃ်္ဃန်းကျွန်း(၁) | |
| ၇၇ | ဦးလင်းနိုင်မြင့် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | ကမာရွတ်(၂) | |
| ၇၈ | ဦးရဲမင်းဦး | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံ(၁) | |
| ၇၉ | ဒေါ်မိုးမိုးစုကြည် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ရန်ကုန်တိုင်းဒေသကြီး | မရမ်းကုန်း(၂) | |
| ၈၀ | ဦးစိုးညွန့်လွင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ရှမ်းပြည်နယ် | တောင်ကြီး(၁) | |
| ၈၁ | ဒေါက်တာလင်းထွဋ် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ရှမ်းပြည်နယ် | လားရှိုး(၁) | |
| ၈၂ | စိုင်းဝဏ္ဏ | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ရှမ်းပြည်နယ် | ရွာငံ(၂) | |
| ၈၃ | ဦးဝင်းဌေး | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | ကျောင်းကုန်း(၁) | |
| ၈၄ | ဦးသန်းထွဋ် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်(၁) | |
| ၈၅ | ဒေါက်တာလှမြတ်သွေး | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | ဧကြည်(၂) | |
| ၈၆ | ဦးအောင်အောင်ဦး | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း(၂) | |
| ၈၇ | ဦးစန်းထွေး | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | ဓနုဖြူ(၁) | |
| ၈၈ | ဦးတင်မင်းထွဋ် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | ပန်းတနော်(၁) | |
| ၈၉ | ဦးရဲကျော်သွင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း(၂) | |
| ၉၀ | ဦးလှမိုးအောင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | မြန်အောင်(၁) | |
| ၉၁ | ဦးအောင်ကျော်ခိုင် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | အင်္ဂပူ(၁) | |
| ၉၂ | ဒေါ်ဂျမိုးမြတ်မြတ်သူ | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | ကရင်တိုင်းရင်းသား | |
| ၉၃ | ဦးစိုးမြင့် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | ဧရာဝတီတိုင်းဒေသကြီး | ကြံခင်း(၂) | |